# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၃၀–၅–၂၀၁၄ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ လွှတ်တော်ပေါ်ပေါက်ချိန်မှ ယခုအချိန်ထိ လွှတ်တော်၏ ဆောင်ရွက်ချက်များကို အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများတွင် လုပ်ဆောင်နေသော မြန်မာနိုင်ငံသား အမည်ခံ နိုင်ငံခြားသားများကို ဖော်ထုတ်အရေးယူပေးရန်၊ ပါဝင်ပတ်သက်နေသော တာဝန်ရှိသူများကို အရေးယူရန် နှင့် အလားတူကိစ္စများ ထပ်မံ မဖြစ်ပွားရေး စီမံကြီးကြပ်ပေးရန်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **နေပြည်တော် နယ်မြေအတွင်းရှိ သဘာဝတောင်ကုန်းများမှ မြေများအား စက်ယန္တရားများဖြင့် ဖဲ့ယူတူးဖော်ခြင်း မပြုဘဲ စိုက်ပျိုးရေးပညာရှင်များ အကူအညီဖြင့် တန်ဖိုးရှိ နှစ်ရှည်ပင်များစိုက်ပျိုးရန် စိုက်ပျိုးမည့် စီမံချက် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စုရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဝန်ဆောင်မှုပေးမည့် ဆရာဝန်များနှင့် ဝန်ထမ်းများအား ခန့်ထားစေလွှတ်ပေးရန်နှင့် ဆေးရုံအတွက် လိုအပ်သော ပရိဘောဂများ ကူညီဆောင်ရွက်နိုင်ခြင်း ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းအောင်ကြည်၊ မိုင်းတုံ မဲဆန္ဒနယ်၏ **မိုင်းတုံမြို့နယ် (၂၅)ခုတင်ဆံ့ဆေးရုံအား ဖွဲ့စည်းပုံနှင့်အညီ လက်ထောက်မြို့နယ် ဆရာဝန်ခန့်ထားပေးရန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်ခန့်ထားပေးရန်နှင့် သွားဘက်ဆိုင်ရာ ကုသမှုဆက်စပ်ပစ္စည်းများ ခွဲဝေချထားပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်လှိုင်၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနခွဲ(၁၁)ခုနှင့် ဒေသန္တရဆေးခန်း(၁)ခုတို့၏ ပြင်ဆင်ထိန်းသိမ်းစရိတ်(သို့) အသစ်ဆောက်လုပ်ခွင့်ကို ၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေမှ ခွင့်ပြုဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ယခုနှစ် ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့နယ်၊ ကိုင်းလယ် ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **“ Whipping Act (1909) (ကြိမ်ဒဏ် ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း နှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **“ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၅၁/၂၀၁၃)၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သည့် ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့် အမိန့်အရ နိုင်ငံရေးအကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်ငြိမ်း ချမ်းသာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၁/၂၀၁၄) ဖြင့် အကျဉ်းထောင် အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို ပြစ်ဒဏ်ပြောင်းလဲ ပေးခြင်းနှင့် လျှော့ပေါ့ကျခံစေခြင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း စသည်ဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းခွင့်ပြုခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အား ပြည်သူ့လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။ ထို့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး သည့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ရေးအတွက် လူသားချင်း စာနာထောက်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (ခ)အရ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ထောက်ခံချက်နှင့်အညီ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် ဆက်လက်ထုတ်ပြန်ပေးရန် အတွက် နိုင်ငံတော် သမ္မတကြီးအား ပြည်သူ့လွှတ်တော်က ထပ်မံတိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။